“လူတစ်ဦးသည် အပြစ်အကုသိုလ်တစ်ခုကျူးလွန်ပြီးနောက်(ဝုဿွူရေ) သန့်စင်မှုပြုလုပ်မည်။ထို့နောက် ဆွလာသ်ဆောက်တည်မည်။

၎င်းနောက်အလ္လာဟ်အရှင်မြတ်ထံတော်ပါးတွင် အပြစ်မှခွင့်လွှတ်ချမ်းသာခွင့် တောင်းခံပါက

အလ္လာဟ်အရှင်မြတ်သည် ၎င်းအားမုချခွင့်လွှတ်တော်မူမည်ဖြစ်သည်။”

အလီ (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ပြောကြားခဲ့သည်။ ကျွန်ုပ်သည်
ဤကဲ့သို့သောသူဖြစ်သည်။ ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံမှ ဟဒီးဆ်တော်တစ်ပုဒ်အားကြား နာရသောအခါထိုဟဒီးဆ်တော်မှ အကျိုးခံစားနိုင်ရန်အလို့ငှာ
အလ္လာဟ်အရှင်မြတ်သည်မိမိအလိုရှိသည့်အတိုင်းကျွန်ုပ်အားအကျိုးဖြစ်ထွန်းစေတော်မူ၏။ ကိုယ်တော်၏ ဆွဟာဗဟ်များအနက်မှ
တစ်ဦးတစ်ယောက်သည် ကျွန်ုပ်အား ဟဒီးဆ်တော်တစ်ပုဒ်ဆင့်ပြန်ပါက ကျွန်ုပ်သည်
၎င်းအားကျိန်ဆိုစေသည်။ အကယ်၍ ၎င်းကကျွန်ုပ်အားကျိန်ဆိုပြလျှင်
သူ့အားကျွန်ုပ်ထောက်ခံသည်။ အမှန်တကယ်ပင် အဗူဗက်ရ် (ရဿွိယလ္လာဟုအန်ဟု)သည်
ကျွန်ုပ်အား ဟဒီးဆ်တော်တစ်ပုဒ် ဆင့်ပြန်ခဲ့သည်။ အဗူဗက်ရ် (ရဿွိယလ္လာဟုအန်ဟု)သည်အမှန်ကိုပင် ပြောကြားခဲ့သည်။ ၎င်းကပြောသည်မှာ ကျွန်ုပ်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို ကြားသိခဲ့ရသည်။
“လူတစ်ဦးသည် အပြစ်အကုသိုလ်တစ်ခု ကျူးလွန်ပြီးနောက်(ဝုဿွူရေ)
သန့်စင်မှုပြုလုပ်မည်။ ထို့နောက် ဆွလာသ်ဆောက်တည်မည်။
၎င်းနောက်အလ္လာဟ်အရှင်မြတ်ထံတော်ပါးတွင် အပြစ်မှ ခွင့်လွှတ်ချမ်းသာခွင့်
တောင်းခံပါက အလ္လာဟ်အရှင်မြတ်သည် ၎င်းအားမုချ ခွင့်လွှတ်တော်မူမည်ဖြစ်သည်။” ထို့နောက် ကိုယ်တော်သည် ဤအာယသ်တော်အား ရွတ်ဖတ်တော်မူခဲ့သည်။ (ထို့ပြင်တဝ
ယင်းသူတော်စင်များသည် ညစ်ညမ်းသော ကိစ္စတရပ်ရပ်ကို ပြုလုပ်မိကြသည်ဖြစ်စေ၊
မိမိတို့ကိုယ်ကို နှိပ်စက်ညှင်းပန်းမိကြသည်ဖြစ်စေ (ပြုမိလျှင်ပြုမိခြင်း)
အလ္လာဟ်အရှင်မြတ်အား အောက်မေ့ တသ သတိရကြကုန်၏။ ထို့နောက် မိမိတို့အပြစ်များမှ
ချမ်းသာရန်အလို့ငှါ (အလ္လာဟ်အရှင်မြတ် အထံတော်၌) အသနားခံ တောင်းပန်ကြကုန်၏။)
ကုရ်အာန် (၃:၁၃၅)
[صحيح] [رواه أبو داود والترمذي والنسائي في الكبرى وابن ماجه وأحمد]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က အသိပေးမိန့်ကြားထားသည်မှာ လူတစ်ဦးသည်အပြစ်အကုသိုလ်တစ်ခု ကျူးလွန်ပြီးနောက် ကောင်းမွန်စွာ (ဝုဿွူရေ) သန့်စင်မှုပြုလုပ်မည်။ ထို့နောက် ဤအပြစ်အကုသိုလ်မှ သောင်ဝ်ဗဟ် အမှားဝန်ချတောင်းပန်မှုပြုရန် ရည်ရွယ်ချက်ဖြင့် ဆွလာသ်ဆောက်တည်မည်။ ၎င်းနောက်အလ္လာဟ်အရှင်မြတ်ထံတော်ပါးတွင် အပြစ်မှ ခွင့်လွှတ်ချမ်းသာခွင့် တောင်းခံပါက

□□□□□□□□□□□□□□□□□□ □□□□ □□□□□□□□□□□□□□□□□□□